# ဘုရားစုကျေးရွာ

# အိုးဘိုကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၄-၂၀၂၈)

**ပြုစုရေးဆွဲသူ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အိုးဘိုကျေးရွာအုပ်စု၊ ဘုရားစုကျေးရွာ၊ ပန်းတနော်မြို့နယ်

**( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**

**ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက**

**ကူညီရေးဆွဲသည်။)**

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီ | |
| | ဘုရားစုကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့နယ် | |
| ၁။ | တည်နေရာနှင့်ပထဝီဝင်အနေအထား | |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား-မရေးရာဆိုင်ရာကိစ္စ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၈-၂၀၂၉ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော အိုးဘိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိဝန်ထမ်းများပူးပေါင်းဆောင်ရွက်မှု ဖြင့်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဘုရားစုကျေးရွာ၏ ကျေးရွာပြည်သူများပါဝင်ကာ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုး ကူညီပေးခဲ့သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေးအတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံး ပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊အစုအဖွဲ့တစ်ခု၏ ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲ အများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာ စနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်တတ်သည့် အလေ့အကျင့်

ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက် ဆောင်ရွက်လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်း ဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့် ကိန်းဂဏန်း၊ ဒေသဆိုင်ရာ အချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး အစီအစဉ်အလိုက်လုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။နောက်နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများလည်း ရရှိမည်ဖြစ်ပါကြောင်းယုံကြည်မိပါသည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖနှင့် ကျေးရွာပြည်သူများပူးပေါင်းပါဝင်ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့် အသေးစိတ် အချက်အလက်များ စနစ်တကျ ထည့်သွင်းရေးဆွဲထားသဖြင့် ဘုရားစုကျေးရွာ

အတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားစုကျေးရွာ

အိုးဘိုကျေးရွာအုပ်စု

ပန်းတနော်မြို့နယ်

ရက်စွဲ၊၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ရက်

# ဘုရားစုကျေးရွာ သဘာဝသယံဇာတပြမြေပုံ



# ဘုရားစုကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



အိုးဘိုကျေးရွာအုပ်စု၊ ဘုရားစုကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( **Venn Diagram )**



## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်ခရိုင် အတွင်းတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၉၈.၅၂) စရိယာ စတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့်မအူပင်မြို့နယ် ၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့်ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ် ၊မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် အရှေ့မှ အနောက်သို့ (၁၇) မိုင် ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင် ရှည်လျားပါသည်။ ပန်းတနော်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက် ရှိပါသည်။ ကျေးရွာအုပ်စု (၅၂) အုပ်စု ၊ ကျေးရွာပေါင်း(၄၄၉)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိ ပါသည်။

ဘုရားစုကျေးရွာသည် ပန်းတနော်မြို့၏ အနောက်မြောက်ဘက်တွင်တည်ရှိ၍ အိုးဘိုကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့ နှင့် (၁၄) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်းဖြင့် သွားလာပါသည်။ ရာသီမရွေး ကုန်းလမ်းခရီးသာ အဓိက အသုံးပြုဆောင်ရွက်ရပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ (ချောင်းဖျားကြီး၊အိုးဘို၊ကျုံတနီး) အစရှိသည့် ကျေးရွာများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်သောဒေသ တစ်ခုလည်းဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်သာ လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ပန်းတနော်မြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်မှ ၁၇ ဒီဂရီ ၂၃ မိနစ်ကြား၊အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ ၂၈ မိနစ်မှ ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပါသည်။ ပန်းတနော် မြို့နယ်သည် အမြင့်ဆုံးအပူချိန် ၂၉.၂၂ ဒီဂရီစင်တီဂရိတ် ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။တစ်နှစ်ပတ်လုံးအနေဖြင့် ပျမ်းမျှမိုးရွာသွန်းရက်(၁၀၈) ရက် ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ဧရာဝတီမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့်အသုံးပြုနိုင်ပြီး သင်္ဘော ၊ စက်လှေများလည်း သွားလာနိုင်သော မြစ်များဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို ချောင်းမြောင်း များတွင် ထုတ်ယူနိုင်ပါသည်။

ဘုရားစုကျေးရွာတွင် လယ်မြေ (၃၇၀) ဧက ၊ ကိုင်း/ကျွန်း( ၈၉.၅) ဧက စုစုပေါင်း မြေ (၄၅၉.၅)ဧက ရှိပါသည်။ ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြပြီး ၊ ရာသီအလိုက် ပဲ ၊ ငရုတ် စသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ တောင်သူအားလုံးမှာ နွေစပါး စိုက်ပျိုးရာတွင် အဝီစိတွင်းရေကို အဓိကသုံးစွဲပြီး ရေသွင်းစိုက်ပျိုး ကြပါသည်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်း၊ ဆင်တုန်းမနွယ်၊ ကုန်းဇေဒါ၊ကြိတ်မှန်ရွက်၊ ကုလားပင်စိမ်းတို့ ပေါက်ရောက်ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့် ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများ စုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေး လုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး၊ ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ များဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာ အားကောင်းပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဘုရားစုကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၂၅)စု ၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၅)စု ၊ မပြေလည်သောအိမ်ထောင်စု(၄၅)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၁၅)စု ရှိကြပြီး လယ်မြေ နှင့် ကိုင်း/ကျွန်းမြေကေ ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုများသည် အများအားဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ပဲ၊ငရုတ် အစရှိသည့် အခြားသီးနှံ များကိုရာသီပေါ်အဖြစ် စိုက်ပျိုး ထုတ်လုပ်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများမှာ အများစု အနေဖြင့် နေ့စား/ကျပန်း အလုပ်ကိုသာ အဓိကထား လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေနှင့်အဝီစိတွင်းမှ ရရှိသောရေကို အဓိကထား၍ အသုံးပြုကြပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက် (၁၂)စီး ၊ ခြွေလှေ့စက်(၁)စီး၊ ရေစုပ် စက်(၇၉) လုံး ရှိပြီး ငှားရမ်း လုပ်ကိုင်ကြသော တောင်သူများ လည်းရှိပါသည်။ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့ များကို ပန်းတနော်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံ ဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင် သော်လည်းကောင်း ၊ ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း ရောင်းချ ကြပါသည်။ မိုးတွင်းကာလတွင် မိုးစပါးစိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ဘုရားစုကျေးရွာသည် မြို့နယ်နှင့် (၁၄)မိုင် ကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန် အနည်းငယ်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများ လွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ဘုရားစုကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု (၆)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၀) ကောင် ၊ ကြက်မွေးမြူသည့်အိမ်ထောင်စု (၄၁)အိမ် ရှိပြီး ကြက်ကောင်ရေ(၃၅၁)ကောင် ၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၆)အိမ်ရှိပြီး ဘဲကောင်ရေ (၄၂) ကောင် မွေးမြူကြပါသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် ရောဂါကာကွယ်ရေး ၊ ကုသရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ဘုရားစုကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ လက်လီလက်ကားရောင်းဝယ်ရေးနှင့် အခြားကျပန်း လုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့ သွားရောက်လုပ်ကိုင်သူများ လည်းရှိပါသည်။ နေ့စားလုပ်ကိုင်သူများ အနေဖြင့် တစ်နေ့လုပ်အားခ ကျား(၁၀၀၀၀/-)ကျပ်၊ မ(၇၀၀၀/-)ကျပ် ရရှိကြပါသည်။ ကျပန်းလုပ်သားများ အနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန်နေကြပြီး နည်းပညာနှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်းနှင့် သင့်လျော်သော ထုတ်ချေး ငွေရရှိပါက စက်လှေ/ထော်လာဂျီဝယ်ယူ၍ ကုန်စည်များပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းများ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ( ဆံပင်ညှပ်၊ ဆိုင်ကယ်ပြင်) လုပ်ကိုင်လိုကြပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင်ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့်အခြား အဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။

အများဆုံး ထုတ်ချေးသည့် ကေမှာ (၁၀) ကေ အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀ဝ/-) သိန်း ဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၅) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ကေ ကုန်ကျစရိတ်မှာ (၄) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ဘုရားစုကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြား သီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

စထာပါနာ ဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်နေသည်မှာ (၄)နှစ် ခန့်ရှိပြီ ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ လက်မှုလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ တစ်ဦးလျှင်(၃)သိန်းစ၍ အမြင့်ဆုံး(၇)သိန်းအထိ ထုတ်ချေး ကြောင်း သိရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ဘုရားစုကျေးရွာသည် ပန်းတနော်မြို့၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ပန်းတနော်မြို့ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးမှ (၁၄)မိုင်ခန့် ကွာဝေးပါသည်။ ပန်းတနော်မြို့သို့ ကုန်းလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များ အဖြစ် လှေ/သမ္ဗာန်(၃)စီး၊ စက်လှေ(၇)စီး ၊ စက်ဘီး(၆၅)စီး ၊ ထော်လာဂျီ(၉)စီး နှင့် မော်တော် ဆိုင်ကယ်(၆၂) စီး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာရှိလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင်သာ သွားလာရ လွယ်ကူ အဆင်ပြေပါသည်။ ရွာတွင်းလမ်းအား မြေသားတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိလျှက်ရှိပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ အိမ်ထောင်စု(၄၆)လုံးသုံးစွဲနေပါသည်။ ဆိုလာမီးသုံးစွဲနေသောအိမ်ခြေ(၂၂)လုံးနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ခြေ(၄၂)လုံးသည်မိမိ အစီအစဉ်ဖြင့်သာသုံးစွဲနေကြပါသည်။ကျေးရွာမီးလင်းရေးကော်မတီမှလည်း မီတာပုံးများထပ်မံရရှိ နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ဘုရားစုကျေးရွာတွင် မုန့်တိုင်းသတင်း၊ လျှော့သတင်းနှင့် အခြား သာရေး၊ နာရေး သတင်း များရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက် အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက်အသွယ်နှင့် နည်းပညာ ရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းအင်တာနက်လိုင်းများ ရရှိသဖြင့် ဆက်သွယ်ရေး အသုံးပြုရာတွင် အဆင်ပြေ လွယ်ကူမှုရှိပါပြီး အခက်အခဲများ အထူးတလည် မရှိပါ။

**(ဃ) ပညာရေး**

ဘုရားစုကျေးရွာတွင် လက်ရှိပညာသင်ယူနေသောကလေးများသည် ရွာနှင့်(၁.၁)မိုင် အကွာတွင်ရှိသော ချောင်းကလေးအထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ယူ နေရ ပါသည်။ ကျောင်းသားဦးရေနှင့် ဆရာ၊ဆရာမအင်အားမှာ လုံလောက်မှုရှိပါသည်။

**(င) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက ကျေးရွာအတွင်းတွင်ရှိသော ကျေးလက်ကျန်းမာ ရေး ဆေးပေးခန်းသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအားကျန်းမာရေး အသိပညာပေးခြင်း များ တစ်ကိုယ်ရေကျန်းမာရေးပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် အဝီစိတွင်းရေကို အဓိက အသုံးပြုကြပြီး ချောင်းရေကိုလည်း အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ အဝီစိတွင်းစက်တပ်/ တုံကင်နှင့်ချောင်းရေတို့မှ အိမ်ခြေအများစုတွင် လက်နှိပ်တုံကင်များ ရှိသော်လည်း သောက်သုံးရေ

အဖြစ်သုံးစွဲရန် သန့်ရှင်းမှုမရှိပါ။ စိုက်ပျိုးရေအဖြစ် ချောင်းရေနှင့် အဝီစိတွင်းကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ ဘုရားစုကျေးရွာ၌ အမှိုက်သရိုက်များကို ပုံမှန်သန့်ရှင်းရေးပြုလုပ်သော်လည်း စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း၊ စည်းစနစ်ကျနစွာ လုပ်ဆောင်မှုရှိမည် ဆိုပါက သန့်ရှင်း သာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၀) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြပြီး အိမ်သာမရှိသော အိမ်ထောင်စုများ မရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှုအသိပညာ လိုအပ်ပါသည်။

**(ဈ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဘုရားစုကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးဦးကာလတွင် မုန်တိုင်း ကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီး လျှောင်လှုပ်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ခြင်းကို အဓိကထား ကြုံတွေ့နေရပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိ သည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များပြုလုပ်ထားရှိမှု အားနည်းလျက်ရှိပါသည်။

ဘုရားစုကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပြီး အိမ်ထောင်စုများမှ ချက်ပြုတ်စားသောက်ရန် ထင်းများခုတ်ယူသဖြင့် သစ်တောပြုန်းတီးမှု များ အနည်းငယ် ဖြစ်ပေါ်ပါသည်။

**(ည) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ဘုရားစုကျေးရွာတွင် လူဦးရေ(၄၇၇) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၂၃၈)ဦး နှင့် အမျိုးသမီးဦးရေ(၂၃၉)ဦး ဖြစ်ပါသည်။ ကျားမလူဦးရေ ရာခိုင်နှုန်းမှာ ကျား(၄၉%)၊ မ(၅၁%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၁၀၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၇၀၀၀)နှုန်းခန့် ရရှိပါသည်။ ကျေးရွာ အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် ပရဟိတအဖွဲ့အစည်းများရှိ၍ ရပ်ရေးရွာရေး ကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဘုရားစု | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁၀၀ | ၁ | ကျေးလက်ဦးစီး | |
| ၂ | ဘုရားစု | အခြေခံအဆောက်အဦ | ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း(အိုးဘို - ဘုရားစု) | ၉၀ | ၂ | ကျေးလက်လမ်းဦးစီး | |
| ၃ | ဘုရားစု | ရေရရှိရေး | စိုက်ပျိုးရေသုံးဆိုလာရေတင်စနစ် | ၈၀ | ၃ | ကျေးလက်ဦးစီး | |
| ၄ | ဘုရားစု | အခြေခံဆောက်အဦ | စက်ရေတွင်းတူးဖော်ခြင်း | ၇၀ | ၄ | ကျေးလက်ဦးစီး | |
| ၅ | ဘုရားစု | အခြေခံဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၆၅ | ၅ | ကျေးလက်ဦးစီး | |

## ပန်းတနော်မြို့နယ်၊ အိုးဘိုကျေးရွာအုပ်စု၊ ဘုရားစုကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုလွင် | ဦးအုန်းကြိုင် | ၁၄/ပတန(နိုင်)၁၄၄၀၈၃ | ၅၀ | ဥက္ကဋ္ဌ | ၀၉-၇၈၆၆၀၂၃၃၆ |
| ၂ | ဦးမြင့်ဝင်း | ဦးအောင်သိန်း | ၁၄/ပတန(နိုင်)၁၀၆၂၂၁ | ၄၈ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၆၉၈၇၁၈၂၈၁ |
| ၃ | ဦးကျော်မျိုးလင်း | ဦးစန်းလှိုင် | ၁၄/ပတန(နိုင်)၀၀၅၆၉၀ | ၄၇ | ဘဏ္ဍာရေးမှူး | ၀၉-၆၉၁၃၅၇၁၆၅ |
| ၄ | ဦးလင်းလင်းပိုင် | ဦးကြည်လွင် | ၁၄/ပတန(နိုင်)၂၁၁၈၈၁ | ၂၉ | စာရင်းကိုင် | ၀၉-၆၉၅၂၀၄၉၅၂ |
| ၅ | ဒေါ်ချိုချိုလွင် | ဦးအေးသိန်း | ၁၄/ပတန(နိုင်)၁၇၂၁၇၄ | ၄၅ | အဖွဲ့ဝင် | ၀၉-၆၇၇၄၈၃၆၇၉ |
| ၆ | ဒေါ်သင်းမာလာမျိုး | ဦးမျိုး | ၁၄/ပတန(နိုင်)၁၂၂၁၈၀ | ၄၄ | အဖွဲ့ဝင် | ၀၉-၆၇၀၄၅၅၀၆၂ |
| ၇ | ဒေါ်အိအိမွန် | ဦးခင်ညိမ်း | ၁၄/ပတန(နိုင်)၂၂၄၅၉၉ | ၄၂ | အဖွဲ့ဝင် | ၀၉-၆၈၅၇၉၀၈၆၇ |
| ၈ | ဒေါ်ထွေးထွေးရီ | ဦးစံအုန်း | ၁၄/ပတန(နိုင်)၂၂၄၅၉၀ | ၃၂ | အဖွဲ့ဝင် | ၀၉-၆၈၀၄၅၆၉၉၇ |
| ၉ | ဦးသိန်းစိုး | ဦးချစ်လှိုင် | ၁၄/ပတန(နိုင်)၁၀၁၂၅၇ | ၅၅ | အတွင်းရေးမှူး | ၀၉-၆၈၂၀၈၈၄၅၃ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၁၃ | ၂၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၇ | ၅၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၆ | ၂၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၇ | ၁၇၁ | ၃၃၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၁ | ၃၇ | | |
| **စုစုပေါင်း** | | **၂၃၈** | **၂၃၉** | **၄၇၇** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၁၀** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျွန်တော်တို့ကျေးရွာတွင် နို့စို့အရွယ် (၆)ဦး၊ ၅နှစ်အောက်ကလေးငယ်(၂၃)ဦး၊ မူလတန်းအရွယ်(၅၃)ဦး ၊အလယ်တန်းကျောင်းသားအရွယ်(၂၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၃၃၈)၊ သက်ကြီးရွယ်ကြီး (၃၇)ဦး၊ စုစုပေါင်း (၄၇၇)ဦး ရှိပြီး၊ အိမ်ထောင်စုပေါင်း (၁၁၀)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၆ | ၁၀၂ | ၃ | ၆၂ | ၄၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၃၂ | ၆ | ၁၉ | ၁၃ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | | ၂ | | မြင့် ☐ လတ် ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၆ | | ၂ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၆ | ၄၈ | | ၂၆ | ၂၂ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၃၂ | | ၁၉ | ၁၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၁၀ | ၂၂၂ | ၁၁ | ၁၂၈ | ၉၄ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။"**ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ဘုရားစုကျေးရွာတွင်ကျေးရွာ၏လူဦးရေကောက်ယူမှုစာရင်းအရ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် ၊ ကျပန်းအလုပ်လုပ်ကိုင်သူများရှိပြီးအများစုမှာ စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၁-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။ ။** ဘုရားစုကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၁၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးတစ်နေ့လုပ်အားခမှာ ၈၀၀၀ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၇၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၆၀၀၀ကျပ်ဖြစ်ပါသည်။ ရေလုပ်ငန်း မှာလည်း ကျွမ်းကျင်လုပ်သားအနေဖြင့် မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၆၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၅၀၀၀ကျပ်ဖြစ်ပြီး လုပ်ခအားနှုန်းထားများအား ကျား/မအလိုက် ခွဲခြားသတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၃၇၀** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၈၉.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၅၉.၅** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ဘုရားစုကျေးရွာတွင် လယ်ဧက(၃၇၀)ဧက၊ ကိုင်းမြေ(၈၉.၅)ဧက ပိုင်ဆိုင်မှုရှိကြပြီး စပါး၊ ပဲ၊ တို့ကို အများဆုံးစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

## (၈-၂)   ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ဘုရားစုကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၊ ကျောက်ခဲ ၊ ကျောက်စရစ်များမထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၅ | ၂၅ | ၄၅ | ၁၅ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စု၊ အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး ၊ မပြေလည်သော အိမ်ထောင်စုများပြားပြီး၊အလွန်ဆင်းရဲသော အိမ်ထောင်စု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့် အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၅ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ၂<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၈ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၂ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၅ | | အခြားအစားပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ၂<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၁ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားစုကျေးရွာတွင် **(၃)**လ**အထက်** ဝမ်းစာဖူလုံမှုပြုရသော အိမ်ထောင်စု**များအနေဖြင့်** ဝမ်းစာဖူလုံရေးအ**တွ**က်ချေးယူခြင်း ၊ လုပ်အားခကြိုယူခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖေ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ဘုရားစုကျေးရွာတွင် လူဦးရေစာရင်းကောက်ခံမှုအရ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

